# မြန်မာနိုင်ငံသို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လမ်းစဉ်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ အရှိန်အဟုန်မြင့်သော ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုကို ထောက်ပံ့ပေးရန်အတွက် ၂၀၁၂-ခုနှစ် ဧပြီလတွင် ဂျပန်နိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်များကို ပြန်လည်ပြင်ဆင်ပြီး အောက်ပါ နယ်ပယ်များကို အဓိကထားပြီး အထောက်အပံ့များကို ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

## အဓိကကျသော နယ်ပယ်သုံးခု

**1. ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားစေရန်အတွက်ထောက်ပံ့မှု**

(တိုင်းရင်းသားလူနည်းစုမျိုးနွယ်များနှင့် ဆင်းရဲသားအလွှာများကို ထောက်ပံ့ပေးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နယ်မြေဒေသဖွံ့ဖြိုးရေးတိုးတက်မှုတို့ ပါဝင်သည်။)

**2. စီးပွားရေးနှင့် လူမှုရေးကို အထောက်အကူပြုမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် စနစ်များ တည်ဆောက်ရန်အတွက် ထောက်ပံ့မှု**

(ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လမ်းစဉ်များအတွက် ထောက်ပံ့မှုများ ပါဝင်သည်)

**3. စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံနှင့် စနစ်များ တည်ဆောက်ရန် စသည်တို့ကို ထောက်ပံ့မှုများ**

## ■ မြန်မာနိုင်ငံသို့ ပေးအပ်သည့် ဂျပန်နိုင်ငံ၏ ထောက်ပံ့ငွေပမာဏ (၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ)

(ယူနစ် ： ယန်းသန်းတစ်ရာ)

| (ဘဏ္ဍာရေးနှစ်) | (ယန်းချေးငွေ) | (ထောက်ပံ့မှု) | (နည်းပညာပူးပေါင်းဆောင်ရွက်မှု) |
|---|---|---|---|
| (၂၀၁၁ ဘဏ္ဍာရေးနှစ်) | - | ၄၆.၄၄ | ၁၇.၄၅ |
| (၂၀၁၂ ဘဏ္ဍာရေးနှစ်) | ၁,၉၈၉.၀၀ | ၂၇၇.၃၀ | ၃၇.၉၉ |
| (၂၀၁၃ ဘဏ္ဍာရေးနှစ်) | ၅၁၀.၅၂ | ၁၉၆.၈၆ | ၆၁.၅၉ |

* ၂၀၁၃-ခုနှစ်တွင် ယန်း ၃၀၀ ဘီလီယံခန့် အကြွေးများလျှော်ပေးခဲ့ပါသည်။

### သဘာဝဘေးအန္တရာယ်များမှ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက်

၂၀၁၂-ခုနှစ်တွင် ဂျပန်နိုင်ငံသည် ဆိုင်ကလုန်းမုန်တိုင်း "နာဂစ်" ကြောင့် ကြီးမားသော ဆုံးရှုံးမှုများရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်တွင် ဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ခိုလှုံစရာအဖြစ် အသုံးပြုနိုင်သော မူလတန်းကျောင်း ၁၃ ကျောင်းကို ဆောက်လုပ်ပေးခဲ့ပါသည်။

၂၀၁၃-ခုနှစ် မေလတွင် ဆိုင်ကလုန်းမုန်တိုင်း "မဟာစင်" မြန်မာနိုင်ငံသို့ ချဉ်းကပ်လာချိန်တွင် အဝေးရွာသားများသည် အဆိုပါကျောင်းများသို့ ပြောင်းရွှေ့ပြီး တစ်ညတာ ခိုလှုံခဲ့ပါသည်။



(ဆိုင်ကလုန်းမုန်တိုင်း "နာဂစ်" ဒဏ်ခံခဲ့ရသော ဒေသတွင် ဆိုင်ကလုန်းမုန်တိုင်းမှ ခိုလှုံနိုင်ရန် အသုံးပြုနိုင်သော မူလတန်းကျောင်းဆောင် ဆောက်လုပ်ခြင်း စီမံကိန်း)

### ရန်ကုန်မြို့တော်သူမြို့တော်သားများ အားထားရသည့်လှုပ်ရှားမှုများ

"မြန်မြန်ဆန်ဆန် ဆိတ်ဆိတ်ငြိမ်ငြိမ်" "မနက်စောစော ကူးတို့သင်္ဘောစီးရေတိုးလာတဲ့အတွက် အဆင်ပြေလာပါတယ်" "လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းတွေလည်း အစုံအလင် တပ်ဆင်ထားတဲ့အတွက် စိတ်အေးလက်အေးနဲ့ စီးနိုင်ပါတယ်"

အထက်ပါအတိုင်း ပြောကြားခဲ့သလို ၂၀၁၄-ခုနှစ်၊ နိုဝင်ဘာလတွင် Grant ထောက်ပံ့မှုအစီအစဉ်နှင့် ပေးအပ်ခဲ့သော ကူးတို့သင်္ဘောသုံးစီး၏ ဂုဏ်သတင်းသည် မွှေးပျံ့လျက်ရှိပါသည်။ မြို့တော်သူမြို့တော်သားများ ၏ အလုပ်သွားအလုပ်ပြန်၊ ကျောင်းသွားကျောင်းပြန်၊ ဈေးဝယ်ထွက်ချိန်တွင် အားထားစရာ အဖြစ် တစ်နှစ်တွင် ခရီးသည်များ ၁၀ သန်းခန့် အသုံးပြုကြပါသည်။

ကူးတို့သင်္ဘောစီးချိန် သည် ၅ မိနစ်～ ၆မိနစ်ခန့်သာ ကြာမြင့်သည့်ပြီး ခရီးသွားများကျပ်ချိန်တွင် အခေါက်ရေတိုးပေးနိုင်ခဲ့ပါသည်။

ကူးတို့သင်္ဘောကို "ချယ်ရီ" ဟု နာမည်ပေးခဲ့ပြီး ဂျပန်-မြန်မာရင်းနှီးချစ်ကြည်မှု အထိမ်းအမှတ်အနေဖြင့် မြို့တော်သူမြို့တော် သားများ သဘောကျကြပြီး ကောင်းမွန်စွာ အသုံးပြုလျက်ရှိပါသည်။



(ရန်ကုန်မြို့ ကူးတို့သင်္ဘောပြင်ဆင်မှုစီမံကိန်း)

**အသေးစိတ်ကို အောက်ပါဝက်ဆိုက်တွင် ကြည့်နိုင်ပါသည်။**

(နိုင်ငံခြားရေးဝန်ကြီးဌာန) http://www.mofa.go.jp/

(ဂျပန်နိုင်ငံ၏မြန်မာနိုင်ငံသို့ထောက်ပံ့မှုများ) http://www.mm.emb-japan.go.jp/profile/english/oda.html



Japan's Assistance to Myanmar

# ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံသို့ ထောက်ပံ့မှုများ

～ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးတို့၏ အသီးအပွင့်များ မြန်မာပြည်သူများ ရောက်ရှိခံစားနိုင်ရန် ～



လယ်သမားထုပူးပေါင်းပါဝင်ခြင်းဖြင့် အရည်အသွေးပြည့် စပါးစေ့များပြန့်ပွားရေးနှင့် ဖြန့်ဝေခြင်းစနစ်



ရန်ကုန်မြို့အိမ်သုံးရေပေးဝေရေး အကြံပေးရန်



ဆင်းရဲနွမ်းပါးသော လယ်သမားများအားထောက်ပံ့ပေးမှု (2KR)

နိုင်ငံခြားရေးဝန်ကြီးဌာန

